myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

July 10, 2019 Volume 21, Number 8

**၁၀.၇.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၉၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၂၁၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၄/ကျပ် |
| CBM Rate | = ၁၅၁၂.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၆.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၀.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၈၅.၅ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၈၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၄၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၉.၇၁ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၀၅၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၀၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၈၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com

## မြန်မာဈေးကွက်ထဲဝင်ရောက်ဖို့ ကြိုးပမ်းနေတဲ့ Kookmin Bank Koreatimes




တောင်ကိုရီးယားဘဏ်လုပ်ငန်းတစ်ခုဖြစ်တဲ့ KB Kookmin Bank ကတော့ မြန်မာ ဈေးကွက်ထဲ ဝင်ရောက်ဖို့ကြိုးပမ်းနေလျက်ရှိကြောင်း ယင်းဘဏ်က ဇူလိုင် ၈ ရက်မှာ ထုတ်ဖော်ပြောဆိုလိုက်ပါတယ်။ မြန်မာနိုင်ငံမှာ ဘဏ်လုပ်ငန်းလိုင်စင် လျှောက်ဖို့ ကျွန်တော်တို့ စီစဉ်နေပါတယ်၊ မြန်မာဘဏ္ဍာရေးအာဏာပိုင်တွေဆီက အကြောင်းကြားမှုရတာနဲ့ လျှောက်မှာဖြစ်ပါတယ်လို့ ယင်း KB Kookmin Bank က တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

၂၀၁၄ ခုနှစ် အစောပိုင်းတုန်းကလည်း ယင်းဘဏ်ဟာမြန်မာနိုင်ငံမှာ လုပ်ငန်းလိုင်စင်ရဖို့ လျှောက်ခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးလို့သိရပါတယ်။ KB Kookmin ရဲ့ microfinancing လုပ်ငန်းခွဲဖြစ်တဲ့ KB Finance ကတော့ ၂၀၁၇ မတ်လမှာ မြန်မာမှာစတင်ထူထောင်ထားပြီးဖြစ်ကြောင်းသိရပါတယ်။ ယင်းကတော့ လုပ်ငန်းခွဲ ၁၃ ခုကနေတဆင့် အိမ်ယာချေးငွေ၊ အသေးစားချေးငွေတွေကို ထုတ်ချေးနေလျက်ရှိကြောင်းသိရပါတယ်။

SFJ Strategy First Journal

**Source:** http://www.koreatimes.co.kr/www/biz/2019/07/ 126_271916.html

## မြေပဲကို တရုတ်နှင့်ထိုင်းနိုင်ငံက တစ်တန်လျှင် ကျပ်တစ်သောင်းခန့် ဈေးပိုပေးဝယ်ယူ

တရုတ်နှင့် ထိုင်းနိုင်ငံမှ မြန်မာ့မြေပဲတစ်တန်လျှင် ကျပ်တစ်သောင်းခန့် ဈေးပို ပေးကာ ဝယ်ယူနေကြောင်း ကုန်သည်များထံမှသိရသည်။ မြေပဲတန်ချိန် နှစ်သောင်းကျော်လောက်ဝယ်ဖို့ထိ ကမ်းလှမ်းစကားပြောလာတယ်။ ဈေးသင့်ရင်

တော့ ရောင်းနိုင်မှာပေါ့။ မိုးမြေပဲက အထွက်နှုန်းကလည်းနည်းတော့ ဈေးကွက်မယ် ပစ္စည်းနည်းပါးတယ်။ ဒါကြောင့် အဝယ်များပြီး အရောင်းပါးနေတယ်။ ထိုင်းဘက်ကို တော့ လုပ်ငန်းရှင်ချင်း ချိတ်ဆက်တာနဲ့ ပို့တာများတယ်။ မြေပဲနဲ့မြေထောက်ပဲ တစ်တန်ကို ကန်ဒေါ်လာ ၉၀၀ ကနေ ၉၈၀ အထိ ဈေးပေါက်နေတယ်ဟု မန္တလေးရှိ ပဲမျိုးစုံကုန်သည် ဦးမြဟန်ကပြောသည်။

လက်ရှိမြေပဲဈေးကွက်အတွင်း မြေပဲလုံးဆံတစ်ပိဿာလျှင် ကျပ် ၃၀၀၀ ဝန်းကျင်ရှိပြီး ပွဲရုံသွင်းဈေးမှာ အတောင့်တစ်ပိဿာလျှင် ကျပ် ၁၃၀၀ မှ ၁၅၀၀ ကျပ်ခန့်ရှိနေသည်။ မြန်မာ့မြေပဲကို တရုတ်ကအများဆုံးဝယ်တယ်။ တရုတ်နိုင်ငံ ကတော့ တစ်နှစ်ကို တန်ချိန် ၁၀ သန်းဝန်းကျင် ထုတ်လုပ်သလို ဝယ်ယူတင်သွင်း တာလည်း များတဲ့နိုင်ငံဖြစ်တယ်။ ရွှေလီက တစ်ချို့ကုန်သည်တွေက သူတို့နီးစပ်ရာ ကုန်သည်တွေဆီက မြန်မာပဲဆီကို ဝယ်စားတာတွေရှိတယ်။ သူတို့ဆီမှာက ကိုယ်ပိုင်စက်နဲ့ကြိတ်ပြီး ပဲဖတ်ကို တိရစ္ဆာန် အစာအနေနဲ့သုံးကြတယ်ဟု မန္တလေးမြို့ရှိ ဇရာမြေပဲွရုံပိုင်ရှင် ဦးမြတ်မော်ကပြောသည်။ မြေပဲကို ဟင်းရွက်ဆီအဖြစ် အဓိက အသုံးပြုရန် စိုက်ပျိုးကြသော်လည်း တရုတ်နှင့်ထိုင်းနိုင်ငံတို့က အဟာရပြည့်အစားအစာအဖြစ် သတ်မှတ်အသုံးပြုလျက် ရှိသည်။ လက်ရှိမြေပဲကို မင်းဘူး၊ စလင်း၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ ရေစကြို၊ မြောင်းမြ၊ အင်ပင်၊ ကြံခင်းနှင့် မြန်အောင် မြို့တို့တွင် အများဆုံးစိုက်ပျိုးလျက်ရှိသည်။

ပြည်တွင်း၌ မိုးမြေပဲစိုက်ဧက ၁၂ သိန်းခန့်တွင် အထွက်နှုန်းတန်ချိန် ခုနစ်သိန်းကျော်၊ ဆောင်းမြေပဲ စိုက်ဧက ၁၂ သိန်း တစ်သောင်းကျော်၊ အထွက်တန်ချိန် ၈၀၀၀၀၀ ကျော်ရှိကြောင်းသိရသည်။ လက်ရှိမြန်မာ့မြေပဲကို တရုတ်၊ ထိုင်း၊ တောင်ကိုရီးယား၊ ဂျပန်နှင့် စင်္ကာပူနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။ ပြည်ပသို့ဘဏ္ဍာနှစ်အလိုက် မြေပဲတင်ပို့မှု စာရင်းများ အရ ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၄၅,၀၀၀ ကျော် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇ သန်းကျော်၊ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် တန်ချိန် ၉၈,၀၀၀ ကျော် တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၁၂ သန်းကျော်နှင့် ၂၀၁၇-၁၈ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅၄၀၀၀ ကျော်တင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာသန်း ၆၀ ကျော်ရရှိခဲ့သည်။

**amiamyanmar**

**Source:** https://www.facebook.com/amiamyanmar/posts/2322036997881783?__tn__=K-R

## မြိတ်ကျွန်းစုဒေသထွက် ဂဏန်းမဲ တရုတ်ဝယ်လက်ရပ်နားလိုက်၍ ဈေးနှုန်းကျဆင်း




မြိတ်ကျွန်းစုဒေသထွက် ဂဏန်းမဲများကို အဓိက ဝယ်လက်ဖြစ်သည့် တရုတ်နိုင်ငံမှ အဝယ်ရပ်နားလိုက်ခြင်းကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ်ပါးနေပြီး ဈေးနှုန်းကျဆင်းနေသည်။ ယခုနှစ်မိုးရာသီတွင် တရုတ်ဘက်မှ အဝယ်ရပ်နားလိုက်ခြင်းကြောင့် ထိုင်းဈေးကွက်ကို တင်ပို့သော်လည်း ဈေးနှုန်း တစ်ဆနီးပါးကျဆင်းသွားကြောင်း ဂဏန်းမဲအဝယ်ဒိုင်များထံမှ သိရသည်။ တရုတ်ဈေးကွက်က ဈေးပိုကောင်းပါတယ်၊ အခု အဝယ်ရပ်နားလိုက်တော့ ထိုင်းကိုတင်ပို့နေရပေမယ့် ဈေးနှုန်းက တစ်ဆနီးပါးကျဆင်းနေတော့ အရောင်းအဝယ်လည်းပါးနေတယ်ဟု မြိတ်တောင်နယ်မြေ ရွှေနှင်းဆီလမ်းရှိ ဂဏန်းမဲအဝယ်ဒိုင်မှ ဦးအေးလွင်ကပြောဆိုသည်။

အဆိုပါ ဂဏန်းမဲများကို ကျွန်းစုမြို့နယ်ရှိ ပင်လယ်ပိုင်းကျေးရွာများမှ ဒေသခံများ အများဆုံး လာရောက်ရောင်းချခြင်းဖြစ်ကြောင်းသိရသည်။ အခုက ဂဏန်းမဲတွေ ထိုင်းဈေးကွက်ကို အားကိုးနေရတော့ အရောင်းအဝယ်ပါးနေတာပေါ့ နောက်ပြီး၊ တရုတ်လောက်ဈေးကောင်းမရဘူးဖြစ်နေတယ်၊ ဈေးနှုန်းတစ်ဆလောက်ကျသွားတယ်ဟု မြိတ်မြို့ရေနံမြေရပ်ကွက် အိုးလုပ်ပြင်ကမ်းရှိ KL ကဏန်းမဲ အဝယ်ဒိုင်မှ ဦးခိုင်လင်းကပြောသည်။ ဂဏန်းမဲဈေးကွက်မှာ ယခင်က တရုတ်နိုင်ငံသို့ ၃၀၀ ဂရမ်အထက်ရှိ အကောင်ကြီး ၁ ပိဿာကို ၂၉၀၀၀ ကျပ်အထိ ပေါက်ဈေးရှိရာမှ လက်ရှိထိုင်းဈေးကွက်မှာ ၂၅၀၀၀ ကျပ်သာရှိပြီး၊ ၂၀၀ ဂရမ်အထက် အကောင် ၁ ပိဿာကို ၂၁၀၀၀ ကျပ် ရှိရာမှ ယခု ၁၆၀၀၀ ကျပ်၊ ၂၀၀ ဂရမ်အောက် အကောင် ၁ ပိဿာကို ယခင် ၁၉၀၀၀ ကျပ်၊ ယခု ၁၁၅၀၀ ကျပ်သာ ပေါက်ဈေးရှိတော့ကြောင်း ဂဏန်းမဲအဝယ်ဒိုင်များထံမှသိရသည်။

ယခင်နှစ်များက တင်ပို့မှုမရပ်နားဘဲ ယခုနှစ်မိုးရာသီမှ အဝယ်ရပ်နားလိုက်ခြင်းဖြစ်ပြီး အကြောင်းအရင်း အတိအကျကိုမူ တရုတ်ဘက်မှမသိရကြောင်း အဝယ်ဒိုင်များထံမှသိရကာ လာမည့်နိုဝင်ဘာလတွင် ပြန်လည် ဝယ်ယူမည်ဟုသိရသည်။ ဂဏန်းမဲဖမ်းဆီးရောင်းချသူ ဒေသခံများအနေဖြင့် မိုးရာသီတွင်ဂဏန်းမဲများကို အများဆုံးဖမ်းဆီးရရှိပြီး ပွင့်လင်းရာသီတွင် ဖမ်းဆီးရရှိမှုနည်းပါးသည်။

**Source:** http://www.mizzimaburmese.com/article/58660

## ဘဏ္ဍာနှစ် ကိုးလနီးပါးတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၇ သန်းကျော်တင်ပို့မှုမှ ဒေါ်လာသန်း ၅၃၀ ကျော်ရရှိခဲ့ပြီး တရုတ်သို့ တင်ပို့မှုအများဆုံးဖြစ်ကာ စုစုပေါင်းတင်ပို့မှု၏ ၃၃ ရာခိုင်နှုန်းနီးပါးရှိ

လက်ရှိဘဏ္ဍာနှစ် ကိုးလနီးပါးတွင် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ ဒသမ ၇ သန်းကျော် တင်ပို့မှုမှ ဒေါ်လာ သန်း ၅၃၀ ကျော်ရရှိခဲ့ပြီး တရုတ်နယ်စပ်သို့ တင်ပို့မှုအများဆုံးဖြစ်ကာ စုစုပေါင်းတင်ပို့မှု၏ ၃၃ ရာခိုင်နှုန်း နီးပါးရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ထုတ်ပြန်ထားသည့် စာရင်းအရသိရသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ ဇွန် ၂၈ ရက်အထိ ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၁ဒသမ၅၁ သန်း ကျော်တင်ပို့မှုမှ ဒေါ်လာ ၅၃၁ ဒသမ၉၈၀ သန်းရရှိထားသည်။ယင်းအနက် နိုင်ငံပေါင်း ၆၀သို့ ဆန်တင်ပို့မှုပမာဏ တန်ချိန် ၁ဒသမ ၄ သန်း ကျော်ရှိပြီး ဒေါ်လာသန်း ၄၄၀ နီးပါးရရှိထားသည်။ နိုင်ငံပေါင်း ၃၀ သို့ ဆန်ကွဲတင်ပို့မှု တန်ချိန် ၃ဒသမ၄ သိန်းကျော်ရှိပြီး ဒေါ်လာသန်း ၉၀ ကျော်ရရှိထားသည်။ တင်ပို့ခဲ့သည့် နိုင်ငံ များအနက် တရုတ်နိုင်ငံသို့ ဆန်တန်ချိန် ၅ ဒသမ ၅ သိန်းကျော်နှင့် ဆန်ကွဲတန်ချိန် ၂ ဒသမ ၄၆၁ သိန်းကျော် စုစုပေါင်း တန်ချိန် ၅ ဒသမ ၇၆၄ သိန်းကျော် တင်ပို့မှုမှ ဒေါ်လာ ၁၃၇ ဒသမ ၆၅၇ သန်း ရရှိထားသည်။ ယင်းပမာဏသည် စုစုပေါင်း တင်ပို့မှု၏ ၃၂ ဒသမ ၉၇ ရာခိုင်နှုန်းရှိပြီး အများဆုံးတင်ပို့ထားခြင်းဖြစ်သည်။

ဥရောပ သမဂ္ဂနိုင်ငံများ (အီးယူ) သို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၃ဒသမ၆၉၈ သိန်းကျော်တင်ပို့ထားပြီး စုစုပေါင်း တင်ပို့မှု၏ ၂၁ ရာခိုင်နှုန်းကျော်ရှိသည်။ အာဖရိကဈေးကွက်နိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲတန်ချိန် ၄ ဒသမ ၅၀၉ သိန်းကျော်တင်ပို့ထားပြီး စုစုပေါင်းတင်ပို့မှု၏ ၂၅ ရာခိုင်နှုန်းကျော်ရှိသည်။ အခြားနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ တန်ချိန် ၃ ဒသမ ၃၄၉ သိန်းကျော်တင်ပို့ထားပြီး စုစုပေါင်းတင်ပို့မှု၏ ၁၉ ရာခိုင်နှုန်းကျော်ရှိသည်။ ပင်လယ် ရေကြောင်းကုန်သွယ်မှုမှ အီးယူ၊ အာဖရိကသို့တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတဆင့် တရုတ်နိုင်ငံသို့ အဓိက တင်ပို့နေခြင်းဖြစ်သည်။ ပြီးခဲ့သည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဈေးကွက်သစ်များ တိုးချဲ့တင်ပို့နိုင်ခြင်းကြောင့် ပြည်ပသို့ မြန်မာ့ဆန် တန်ချိန် ၃ ဒသမ ၆ သန်းနီးပါး တင်ပို့နိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော်အတွင်း စံချိန်တင်တင်ပို့ နိုင်ခဲ့ခြင်းဖြစ်သည်။ ယခုနှစ်တွင် အဓိကဆန်တင်ပို့မှုဈေးကွက်ဖြစ်သည့် တရုတ်နှင့်အီးယူတို့မှ ဝယ်ယူမှုကျဆင်းခဲ့ သဖြင့် ယခင်နှစ်ထက် ဆန်တင်ပို့မှုလျော့ကျခဲ့သည်။

၂၀၁၉ ခုနှစ် နွေစပါးပေါ်ချိန်တွင် စပါးဈေးကျဆင်းနေခြင်းနှင့် တောင်သူများအခက်အခဲဖြစ်နေခြင်း ကိစ္စရပ် များနှင့်ပတ်သက်ပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ဆောင်ရွက်သင့်သောကိစ္စရပ်များကို ဆောင်ရွက် လျက်ရှိကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် သိုလှောင်ရုံအခက်အခဲ၊ အဆင့်အတန်းရှိသည့်စပါးများ အခြောက်ခံရန် အခက်အခဲ၊ သယ်ယူပို့ဆောင်ရေးယာဉ် အခက်အခဲများရှိနေသဖြင့် လုပ်ငန်းတွင်ကျယ်မှု အားနည်းမှုများကို တွေ့ရှိ ရကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ မေလ ၁၈ ရက်က ထုတ်ပြန်ထားသည်။ ထို့အပြင် မြန်မာ့ဆန်စပါး ကဏ္ဍသည် နယ်စပ်မှ အရောင်းအဝယ်အလွန်နည်းခြင်းနှင့် ပြည်ပတင်ပို့မှုကျဆင်းနေကြောင်း၊ ယခုအခြေအနေ သည် ပုဂ္ဂလိက သက်သက်ဖြင့်သာ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်းထုတ်ပြန်ထားသည်။

ယခင်က တရုတ်နိုင်ငံသို့ တရားဝင် ဆန်တင်ပို့နိုင်သည့် ကုမ္ပဏီ ၁၁ ခုသာရှိခဲ့ပြီး လက်ရှိတွင် ကုမ္ပဏီ ၄၀ ကျော် ကို ထပ်မံရွေးချယ်နိုင်ခဲ့သဖြင့် အဆိုပါ ကုမ္ပဏီစာရင်းများကို တရုတ်နိုင်ငံသို့ ပေးပို့ပြီးပါက တရုတ်နိုင်ငံသို့ ဆန်ပြန်လည် တင်ပို့နိုင်မည်ဖြစ်ကြောင်း ဇွန် ၂၈ ရက်က ဓနုဖြူမြို့နယ်တွင်ပြုလုပ်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ တောင်သူလယ်သမားများနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံပွဲတွင် တောင်သူများ၏ မေးမြန်းမှုများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး

က ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/121818

## ပဲစင်းငုံကို ရန်ကုန်ဂယ်လက်များ ဂယ်ယူမှုများနေသဖြင့် ဈေးတက်



မန္တလေး ပဲမျိုးစုံဈေးကွက်အတွင်း ပြည်ပက စားတော်ပဲ တင်သွင်းမည့် သတင်းထွက်ပေါ်နေခြင်းကြောင့် ပဲဈေးနှုန်းများအပြောင်းအလဲရှိနေသည်။ သို့သော် တင်သွင်းခွင့်နှင့်ပတ်သက်၍ တိကျသည့်ထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းမရှိသေး၍ အရောင်းအဝယ်ပြောင်းလဲမှုမရှိသေးကြောင်း မန္တလေးပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော် အသင်းမှသိရသည်။ ပြည်ပသို့တင်ပို့ရန် ရန်ကုန်ဂယ်လက်အချို့ ဂယ်ယူမှုများရှိလာသဖြင့် ဇူလိုင်လ ၂ ရက်က သုံးတင်းဂင် တစ်အိတ်လျှင် ပဲစင်းငုံ (အဟောင်း) တစ်အိတ် ကျပ် ၉၇ဝဝဝ ရှိရာမှ ဇူလိုင်လ ၅ ရက်တွင် ကျပ် ၉၉ဝဝဝ အထိ ဈေးနှုန်းမြင့်တက်လာခဲ့သည်။

ပဲတီစိမ်းမှာ တရုတ်ငွေဈေး အနည်းငယ်အေးနေသလို ဂယ်လက်များက ဈေးတိုးမြှင့်ဂယ်ယူမှုမရှိသဖြင့် သုံးတင်းဂင် တစ်အိတ်လျှင် ကျပ်နစ်ထောင်ကျော်ကျဆင်းလာသည်။ ပဲတီစိမ်းဈေးက မနက်ပိုင်းနဲ့ ညနေပိုင်း ဈေးမတူဘူး။ ညနေပိုင်းမှာဆိုရင် ကျပ် ၂ဝဝဝ၊ ၃ဝဝဝအထိ ကျသွားတယ်။ အဓိက တရုတ်လိုင်းအပေါ် မူတည်တာပါ။ ဒါ့ပြင် ငွေဈေးအေးတော့ ဈေးချဂယ်တာကြောင့်ပါ။ ဈေးအတက်၊အကျကတော့ သူတို့ပေါ်မှာပဲ မူတည်နေတယ်ဟု အဆိုပါအသင်း ဒုတိယဥက္ကဋ္ဌ ဦးမျိုးဆွေကပြောသည်။

ကုလားပဲဈေးကွက်အနေဖြင့် စားတော်ပဲတင်သွင်းမည့်သတင်းများ ထွက်ပေါ်နေခြင်းကြောင့် ဈေးနှုန်းကျနိုင်ခြေရှိသည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိတွင်တင်သွင်းမှုမရှိသေးသဖြင့် သုံးတင်းဂင်တစ်အိတ်လျှင် ကုလားပဲ (ထိုင်ဂမ်) ကျပ် ၈ဝဝဝဝ၊ (နိုင်းတူးနိုင်း) ကျပ် ၈၂ဝဝဝ ၊ (ဗွီတူး) ကျပ်၈၂ဝဝဝ ဈေးပေါက်နေသည်။ အခုဈေးကွက်အရတော့ ပုံမှန်ပဲ အရောင်းအဝယ်ဖြစ်နေတယ်။ ဈေးနှုန်းအပြောင်းအလဲမများဘူး။ ဒါကလည်း စားတော်ပဲပြည်ပကတင်သွင်းမယ့် အခြေအနေပေါ်မှာပဲ မူတည်တယ်။ အခုအတိုင်းဆိုရင်တော့ ပြောင်းလဲမှုသိပ်ရှိမယ်မထင်ဘူးဟု ဦးမျိုးဆွေက ဆက်လက်ပြောသည်။

နှမ်းကို တရုတ်က ဖွန်လကုန်မှစ၍ ဈေးနှုန်းလျှော့ချဂယ်ယူခဲ့ခြင်းကြောင့် ဈေးနှုန်းများကျဆင်းခဲ့သည်။ သို့သော် ဇူလိုင်လ ပထမပတ်တွင်ပုံမှန်ဈေးအတိုင်း ပြန်လည်ဂယ်ယူနေခြင်းကြောင့် သုံးတင်းဂင်တစ်အိတ်လျှင် ကျပ် ၂ဝဝဝ ခန့် ဈေးနှုန်း မြင့်တက်လာခဲ့သည်။ ဖွန်လ၂၈ ရက်က သုံးတင်းဂင်တစ်အိတ်လျှင် ကျပ် ၁၇၅ဝဝဝ ရှိရာမှ ဇူလိုင်လ ၅ ရက်တွင် ကျပ် ၁၆၈ဝဝဝ၊ နှမ်းညို တစ်အိတ်လျှင် ကျပ်၁၅၅ဝဝဝ ရှိရာမှ ကျပ် ၁၅ဝဝဝဝ သို့ ကျဆင်းလာပြီး နှမ်းနက်(စမုန်) မှာ ကျပ် ၂၆၄၂ဝဝဝ ဖြင့် ဈေးနှုန်းတည်ငြိမ်လျက်ရှိသည်။ နှမ်းဈေးနှုန်းကလည်း တရုတ်ဂယ်ယူမှုပေါ်မှာပဲ မူတည်တာပါ။ ထွက်ရှိနှုန်းကလည်း အဲဒီလောက်မပေါသေးဘူး။ ဈေးကျတယ်ဆိုပေမယ့်များများရောင်းချရတာမျိုး မဟုတ်ပါဘူးဟု နှမ်းကုန်သည် တစ်ဦးကပြောသည်။

စားတော်ပဲကို ပြည်ပကတင်သွင်းရန်အတွက် ကုန်သည်အချို့က ပါမစ်တောင်းခံထားသော်လည်း ကန့်ကွက်မှုများ ရှိနေသဖြင့် တင်သွင်းရန်သင့်၊မသင့် စဉ်းစားနေဆဲကာလဖြစ်၍ ဈေးနှုန်းပြောင်းလဲမှုမရှိပေ။ ထို့ကြောင့်လက်ရှိ ဈေးကွက်အတွင်း သုံးတင်းဂင်တစ်အိတ်လျှင် ထိပ်စကျပ် ၇၇၅ဝဝ ရှိနေသည်။

**Source:** https://www.facebook.com/myanmaeconomic/

# ပြည်ပသို့ ကြက်သွန်ဖြူ ပိုမိုတင်ပို့နိုင်ရန် ဆောင်ရွက်မည်




ပြည်ပသို့ ကြက်သွန်ဖြူတန်ချိန် ၃၀၀၀ ခန့်သာ တင်ပို့နိုင်၍ ပိုမို တိုးတက်တင်ပို့နိုင်ရေး ပံ့ပိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်းစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကသိရသည်။ အဆိုပါဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးအောင်စိုးက ဝန်ကြီးဌာနအနေနဲ့ အသင်းအဖွဲ့တွေဖွဲ့စည်းဆောင်ရွက်ပေးတာနဲ့ ဈေးငွေရရှိဖို့ကိုချိတ်ဆက် ဆောင်ရွက်ပေးသွားမယ်။ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ဆောင်ရွက်သွားမယ်ဟုပြောသည်။ ကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချရာတွင် အခက်အခဲများကို တင်ပြခြင်းဖြင့် စိန်ခေါ်မှုများကို ပူးပေါင်းဖြေရှင်းသွားမည်ဖြစ်ကြောင်း၊ တောင်သူများက ကြက်သွန်ဖြူတွက်ခြေမကိုက်၍မစိုက်လျှင် ဝယ်စားရမည့်အခြေအနေကိုရောက်သွားနိုင်ကြောင်း၊ တိုးတက်စိုက်ပျိုးပါက ပိုလျှံမှုကိုထိန်းထားနိုင်ရန် ပြည်ပသို့တိုးတက်တင်ပို့ခြင်းနှင့်ဈေးနှုန်း တည်ငြိမ်ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ သီးနှံများ၏ သဘောသဘာဝအရ ထွက်ပေါ်ချိန်တွင်ဈေးကျတတ်သည့်သဘောရှိကြောင်း၊ ကြက်သွန်ဖြူကိုဝယ်ယူပြီး ထိန်းသိမ်းထားသည့်ကုမ္ပဏီ၊ သိုလှောင်ရုံများရှိရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်အရ ယှဉ်ပြိုင်မှုခွင့်ပြုရမည်ဖြစ်သော်လည်း ကြက်သွန်ဖြူများ ပြည်ပကတရားမဝင်ဝင်ရောက်မှုများကို စိစစ်တင်းကျပ်ပြုလုပ်ရမည်ဖြစ်ကြောင်း ဆက်လက်ပြောသည်။

သို့သော် မြန်မာ-တရုတ် နယ်စပ်ဇရိယာရှည်လျားသဖြင့် မှောင်ခိုဝင်ရောက်မှုရှိနေသည်ကို တားဆီးရာတွင်အခက်အခဲများရှိနေကြောင်းသိရသည်။ ကြက်သွန်ဖြူကို ပြည်ပနိုင်ငံများက တန်ချိန်ပမာဏများစွာ တင်ပို့နေသော်လည်းမြန်မာ့ကြက်သွန်ဖြူတင်ပို့မှုမှာ ရာခိုင်နှုန်းများစွာနည်းပါးနေ၍ ဈေးကွက်ရရှိရေး ပိုမိုချိတ်ဆက်ရမည်ဖြစ်သည်။ ထိုင်းနိုင်ငံကိုအများဆုံးတင်ပို့နေတာဖြစ်တယ်။ ပိုမိုတိုးတက်တင်ပို့ဖို့ဆိုရင် ဈေးကွက်ရှာဖွေဖို့ မခဲယဉ်းတာဟာ မြန်မာ့ကြက်သွန်ဖြူကအရသာကောင်းမွန်လို့ဖြစ်တယ်။ အမျိုးသားပို့ကုန်မဟာဗျူဟာ အရေးကြီးသီးနှံတွေထဲမှာ ကြက်သွန်ဖြူကဏ္ဍပါဝင်လာဖို့ကြိုးပမ်းရမှာဖြစ်တယ်ဟု စီးပွားကူးသန်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးသူကပြောသည်။ တရုတ်နိုင်ငံဘက်မှတရားမဝင် ကြက်သွန်ဖြူများ ဝင်ရောက်နေ၍ ရှမ်းပြည်နယ်ရှိ စိုက်ပျိုးတောင်သူများ ဈေးကွက်မယှဉ်နိုင်ဘဲ အခက်အခဲများကြုံတွေ့နေကြောင်း ကြက်သွန်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများ အသင်းမှ ဦးထွန်းစိန်က ပြောသည်။ ပြည်ပကတရားမဝင် ဝင်ရောက်နေတာတွေကြောင့် ဈေးကွက်ပျက်တဲ့အထိ ကြုံတွေ့နေရတယ်။ ဒါကို သေချာစိစစ်ဆောင်ရွက်ပေးဖို့လိုတယ်။ ဒ့ါအပြင် ပြည်ပကိုတိုးတက်တင်ပို့နိုင်ဖို့ဆိုရင် ဈေးကွက်ရှာတာ၊ လိုအပ်တာတွေပံ့ပိုးပေးဖို့ပါ။ ကြက်သွန်ဖြူစံပြစိုက်ကွက်တွေလည်း ဖော်ဆောင်ဖို့ လိုအပ်တယ်ဟု ၎င်းကပြောသည်။ ပြည်ပသို့တင်ပို့သည့် ကြက်သွန်ဖြူမျိုးများမှာထူး-၁၊ ထူး-၂၊ ထူး-၃၊ ထူး-၄၊ ထူး-၅ ဟူ၍ အဆင့်ခွဲခြားတင်ပို့ကြောင်း၊ ထူး-၃၊ ထူး-၄၊ ထူး-၅ တို့ကို ရန်ကုန်ဈေးကွက်သို့ဖြန့်ချိကြောင်းဆိုသည်။ မိုင်းပန်၊ လဲချားဒေသကနေထွက်ရှိတဲ့ ခရမ်းစွဲကြက်သွန်ဖြူတွေကို ထိုင်းနိုင်ငံကိုရောင်းချတယ်။ တရားမဝင် ဝင်လာတဲ့ ကြက်သွန်ဖြူတွေနဲ့ အရည်အသွေးမယှဉ်နိုင်တာရယ်၊ ဈေးချိုတာရယ်ကြောင့် ဈေးကွက်မယှဉ်ပြိုင်နိုင်ဖြစ်နေတယ်။ ဒါကြောင့် စိုက်ပျိုးရာသီမှာ အရင်နှုန်းအတိုင်း စိုက်ဖို့ဆိုတာအရင်းအနှီးကြီးနေတယ်ဟု မိုင်းပန်မြို့နယ်ရှိ ကြက်သွန်ဖြူစိုက်တောင်သူ ဒေါ်မြတ်ခင်အုန်းကပြောသည်။ ကြက်သွန်ဖြူကဏ္ဍ တိုးတက်လာရေးအထွက်ကောင်းမျိုးများကို နှစ်စဉ်ရွေးချယ်စိုက်ပျိုးသွားကြရန်၊ အရည်အသွေးစံချိန်မီသည့် မြေသြဇာများကို ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရန်၊ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချနိုင်ရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်သည်။ ရှမ်းပြည်နယ်ထွက် ကြက်သွန်ဖြူတွေကို ရန်ကုန်ပွဲရုံတွေကိုတင်ပို့ပါတယ်။

အဲဒီလို တင်ပို့တဲ့အခါမှာ ရန်ကုန်ပွဲရုံတွေက အရောင်းအဝယ်ဖြစ်မှုအနေနဲ့ ငွေကျပ် ၁၀၀ မှာ ပွဲခအဖြစ် သုံးကျပ်ယူပါတယ်။ ဒါကြောင့် ရန်ကုန်ပွဲရုံတွေကို ကြက်သွန်ဖြူတင်ပို့တာ လျော့နည်းတာကိုတွေ့ရတယ်။ ရှမ်း (တောင်) အနေနဲ့ထိုင်းကို တိုက်ရိုက်တင်ပို့တာတော့မရှိပါဘူး။ တာချီလိတ်အထိသာ တင်ပို့ရောင်းချပြီးတော့ တာချီလိတ်ကနေတစ်ဆင့်ဟိုင်းလပ်ကားတွေနဲ့ ထိုင်းနိုင်ငံစီးပွားရေးအဖွဲ့အစည်းတွေကနေ တင်ပို့ရောင်းချနေကြတာဖြစ်ပါတယ်ဟု တာချီလိတ်ရှိကုန်သည် ဦးစိုင်းထွန်းကိုကပြောသည်။ မြန်မာသည် ကမ္ဘာ့တတိယမြောက် ကြက်သွန်ဖြူစိုက်ပျိုးမှုများသည့် နိုင်ငံဖြစ်ပြီးစိုက်ပျိုးဧကနှစ်သိန်းကျော်ရှိသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း) တွင် စိုက်ဧက ၃၀၀၀၀ နီးပါးစိုက်ပျိုးပြီး တန်ချိန် ၉၀၀၀၀ ကျော်ပိုလျှံကြောင်း၊ ကြက်သွန်ဖြူ အဓိကစိုက်ပျိုးသည့်မြို့နယ်များမှာ တောင်ကြီး၊ ပင်လောင်း၊ ဟိုပုံးမြို့နယ်တို့ဖြစ်သည်။

**Source:** https://www.facebook.com/myanmaeconomic/posts/331036197844665?__tn__=K-R

# ငါးခြောက်၊ ပုစွန်ခြောက် ဈေးမြောက်



ဒီတစ်ပတ်အတွင်း ငါးခြောက်နဲ့ပုစွန်ခြောက် တချို့ဈေး အနည်းငယ်တက်နေတယ်လို့ ညောင်ပင်လေးဈေးက ငါးပိ၊ ငါးခြောက် အရောင်းဆိုင်အချို့ဆီကသိရပါတယ်။ ပုစွန်ခြောက် တစ်ပိဿာကို အကောင်အလိုက် အနည်းဆုံး ကျပ် ၁၀၀၀ ကနေ ကျပ် ၃၀၀၀ အထိ ဈေးတက်နေသလို ငါးခြောက်လည်း တစ်ပိဿာကို ကျပ် ၂၀၀၀ ကနေ ကျပ် ၅၀၀၀ လောက်အထိ ဈေးနှုန်းတွေတက်နေတယ်လို့ဆိုပါတယ်။

အာပြဲခြောက်ဆိုရင် တစ်ပိဿာကို ကျပ် ၅၀၀၀ အထိဈေးနှုန်းတက်ခဲ့ပြီး၊ ပစ္စည်းလိုသလောက်မရတာတွေနဲ့ကြုံနေရတယ်လို့ ပုစွန်ခြောက်နဲ့ငါးခြောက်မျိုးစုံ လက်လီလက်ကား ရောင်းချနေတဲ့ ဦးဝင်းမင်းကပြောပါတယ်။ သူကပစ္စည်းရှားလို့ဈေးတက်တာရော မိုးတွင်းမို့ပစ္စည်းပျက်စီးတာများတာကြောင့်ရောဈေးတက်တယ်။ အရောင်းကတော့ အတော်ကိုပါးနေ တာ၊ နယ်ကလာဝယ်သူတွေလဲ အမှာနည်းတယ်အရင်လို အပိုတွေမဝယ်ထားတော့ဘူး နည်းနည်းပဲမှာကြ တယ်၊ အစိုပြန် တော့ ပျက်စီးမှုတွေများတယ်လို့ပြောပါတယ်။

အာပြဲခြောက်တစ်ပိဿာကို ကျပ် ၁၀၀၀၀ ကနေ ကျပ်၁၅၀၀၀ အထိ ဈေး ရှိနေပြီး ပုစွန်ခြောက်တွေရဲ့ ဈေး နှုန်းကတော့ အနည်းဆုံးတစ်ပိဿာကို ကျပ် ၁၀၀၀၀ ကနေ ကျပ် ၇၀၀၀၀ အထိ ဈေးနှုန်းတွေရှိပါတယ်။ ငါးခြောက်တွေက လဲ အမျိုး အစားအလိုက် ကျပ် ၁၀၀၀၀ က နေ ကျပ် ၅၀၀၀၀ ဝန်းကျင်အထိဈေးနှုန်းတွေရှိနေပါတယ်။ အာပြဲခြောက် တစ်ပိဿာကို ကျပ် ၁၂၀၀၀ ဝန်းကျင်၊ ပုစွန်ခြောက် တစ်ပိဿာ ၂၀၀၀၀ ဝန်းကျင်၊ ငါးရံ့ခြောက် ကျပ် ၃၅၀၀၀ ဝန်းကျင်နဲ့ ငါးနီတူခြောက် ကျပ် ၁၂၀၀၀ ၊ ငါးပုတ်သင်ခြောက် ကျပ် ၁၂၀၀၀ ဝန်းကျင်တွေ အရောင်းအဝယ်ရှိနေတယ်လို့သိရပါတယ်။

**Source:** https://www.kumudranews.com/news-34267?fbclid=IwAR1te-jDcI80XMAUAlb62T SXZd69J9o IDHoZjtjwzlymqqMC6gAZ3mC3i4o

# STOCK EXCHANGE (10.7.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 10th Jul. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,000 | +500 | +4.76% | 10,500 | 11,000 | 10,500 | 1,884 | 19,832,000 | 27,112,747 | 298,240 |
| MTSH | 00002 | 3,100 | -250 | -7.46% | 3,100 | 3,100 | 3,050 | 14,481 | 44,797,100 | 38,929,150 | 120,680 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 114 | 2,679,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 1,000 | 2,950,000 | 12,212,906 | 36,028 |

## Market summary

As of 10th Jul. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 435.21 | +2.80 | +0.65% | 425.28 | 435.21 | 425.28 | 17,479 | 70,258,100 | 5 | 594,169 |

### Index chart



## Market Overview

As of 1:00 pm, 10th Jul. 2019

| MYANPIX | 435.21 ▲ 2.80 |
|---|---|
| Total Volume (shares) | 17,479 |
| Total Value (MMK) | 70 mil |
| Listed Company | 5 |
| Market Cap. (MMK) | 594,169 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 500 |
| MTSH | 00002 | 3,100 | ▼ 250 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,950 | ▲ 0 |

TIR